## ပီတိ (၅) မျိုး

| | | | |
|---|---|---|---|
| ၁။ | ခုဒ္ဒိကာပီတိ | = | ကြက်သီးမွေးညှင်းထရုံမျှ သေးငယ်စွာဖြစ်သောပီတိ။ |
| ၂။ | ခဏိကာပီတိ | = | လျှပ်စစ်ပြက်သလို ခဏခဏဖြစ်၍ ခဏခဏပျက်သော ပီတိ။ |
| ၃။ | ဩက္ကန္တိကာပီတိ | = | ဒီရေလှိုင်းလုံးကြီး ဖုံးလွှမ်းလာသကဲ့သို့ တစ်ကိုယ်လုံး၌ ဖုံးလွှမ်းသက်ရောက်သော ပီတိ။ |
| ၄။ | ဥဗ္ဗေဂါပီတိ | = | ကိုယ်ကိုအထက်သို့မြှောက်သော ပီတိ။ |
| ၅။ | ဖရဏာပီတိ | = | တစ်ကိုယ်လုံးမှာ ပျံ့နှံ့သော ပီတိ။ |

## စေတနာ၊ မနသိကာရ၊ ဝိတက် ထူးခြားမှု

**ဝိတက်**သည် သမ္ပယုတ်တရားတို့ကို အာရုံသို့ရောက်သွားအောင် အတွင်နှင်လျက် တင်ပေးဖို့ တာဝန်ရှိ၏။ လှေဝမ်းက လှော်သူနှင့်တူ၏။

**မနသိကာရ**မှာ အာရုံသို ဖြောင့်ဖြောင့်ရောက်အောင် သမ္ပယုတ်တရားတို့ကို ဖြောင့်ပေးဖို့ တာဝန်ရှိ၏။ ပဲ့ကလှော်သူနှင့် တူ၏။

**စေတနာ**ကား အာရုံ၌ သမ္ပယုတ်တရားတို့ကို စပ်ဖွဲ့ပေးဖို့ ကိစ္စရှိ၏။ ပန်းဆွတ်ခူးသူနှင့် တူ၏။

အာရုံသည် ပန်းတိုင့်နှင့် တူ၏။ သမ္ပယုတ်တရားများကား လှေနှင့်တူ၏။

ထေရဝါဒ ကမ္မဋ္ဌာန်းလမ်းစဉ် - ၁၃/၁၁/၂၀၂၁
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မေတ္တာနန္ဒဆရာတော် ဦးဃောသိတာဘိဝံသ (USA)
https://winmetta.org